# ပြည်ထဲရေးဝန်ကြီးဌာန
# ၁၉၅၄ ခုနှစ်၊ ကျေညာချက် အမှတ် ၆
# (ရဲအုပ်ချုပ်ရေး)
## အမှတ် ၃၆၆။
## ရန်ကုန်မြို့၊ ၁၃၁၆ ခု၊ ကဆုန်လဆန်း ၉ ရက်။
## (၁၉၅၄ ခု၊ မေလ ၁၁ ရက်။)

အမှတ် ၃၆၆။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ လက်နက်ကိုင်တပ်ပေါင်းစုံ စစ်သေနာပတိချုပ်က၊ ၁၉၅၄ ခုနှစ်၊ မေလ ၁၁ ရက်နေ့စွဲဖြင့် ထုတ်ပြန်လိုက်သော ၁၉၅၄ ခုနှစ်၊ ရှမ်းပြည်နယ်စစ်အုပ်ချုပ်ရေး ကျေညာချက်အမှတ် ၁၊ ၂၊ ၃၊ ၄၊ ၅ နှင့် ၆ များကို အများသိရှိစေရန် အောက်တွင် ထုတ်ပြန်ကျေညာလိုက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံလက်နက်ကိုင် တပ်ပေါင်းစုံစစ်သေနာပတိချုပ်၊ ကျွန်ုပ်၊ မဟာသီရိ သုဓမ္မ ဗိုလ်ချုပ်နေဝင်းက၊ ၁၉၅၃ ခုနှစ်၊ ရှမ်းပြည်နယ်၌ စစ်ဥပဒေခေတ္တထုတ်ပြန်ကျေညာမှု အက်ဥပဒေ ပုဒ်မ ၃ ဖြင့်၊ ကျွန်ုပ်အားအပ်နှင်းထားသည့် အာဏာများကိုသုံးစွဲလျက်၊ အောက်ပါအတိုင်းဆင့်ဆိုကျေ ညာလိုက်သည်။

၁။ ။ ၁၉၅၃ ခုနှစ်၊ ရှမ်းပြည်နယ်၌ စစ်ဥပဒေခေတ္တထုတ်ပြန်ကျေညာမှု အက်ဥပဒေပုဒ်မ ၂ အရ ထုတ် ပြန်ကျေညာထားသော နယ်များတွင်၊ ရှမ်းပြည်နယ်စစ်အုပ်ချုပ်ရေးရဲအဖွဲ့ဟု ခေါ်တွင်ရမည့် ရဲအဖွဲ့တခု တည်းကို ဖွဲ့စည်းရမည်။ ထိုရဲအဖွဲ့ဝင်များကို နည်းလမ်းတကျ စာရင်းသွင်းထားရမည်။ ထိုရဲအဖွဲ့တွင် အခါအားလျော်စွာ အမိန့်ဖြင့် ကျွန်ုပ်ဆင့်ဆိုသည့်ရာထမ်းမှုထမ်း အရေအတွက်များ ပါဝင်ရမည့်ပြင်၊ ထို ရဲအဖွဲ့ကိုလည်း ထိုသို့ဆင့်ဆိုသည့်နည်းလမ်းအတိုင်း ဖွဲ့စည်းရမည်။ အဆိုပါရဲအဖွဲ့ဝင်ရာထမ်းမှုထမ်း များမှာ၊ အခါအားလျော်စွာ အမိန့်ဖြင့် ကျွန်ုပ်သတ်မှတ်သည့် လစာနှင့်အခကြေးငွေများကို ရရှိရမည်။

၂။ ။ ၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေ (The Police Act, 1945) ပါ ပြဋ္ဌာန်းချက်များသည်၊ ရှမ်းပြည်နယ် စစ်အုပ်ချုပ်ရေးရဲအဖွဲ့ (နောက်တွင် "အဖွဲ့" ဟု ရည်ညွှန်းသည်) ဝင်ရာထမ်းမှုထမ်းအားလုံးနှင့်သက် ဆိုင်စေမည့်ပြင်၊ ထိုရာထမ်းမှုထမ်းများသည် ထိုအက်ဥပဒေတွင် ဖော်ပြထားသည့် အာဏာနှင့်တာဝန် ဝတ္တရားအားလုံးကို သုံးစွဲဆောင်ရွက်ရမည်။

၃။ ။ ရဲမင်းကြီးသည်၊ စစ်အုပ်ချုပ်ရေး တာဝန်ခံအရာရှိချုပ် (စစ်မင်းကြီး) ၏ ကြီးကြပ်အုပ်ချုပ်မှုကို လိုက်နာလျက်၊ အဖွဲ့ကြီးကို ကြီးကြပ်အုပ်ချုပ်၍နေရာချထားရမည်။ ရဲမင်းကြီးသည်၊ ၁၉၄၅ ခုနှစ်၊ ရဲ အက်ဥပဒေအရ ရဲချုပ်၏ အာဏာအားလုံးကို သုံးစွဲရမည်။

၄။ ။ ၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေအရ၊ ပြည်ထောင်စုနိုင်ငံတော်သမတအား အပ်နှင်းသည့် အာဏာ များနှင့် အလုပ်ဝတ္တရားများကို၊ ကျွန်ုပ်စစ်သေနာပတိချုပ်ကသော်၎င်း၊ ကျွန်ုပ်ကညွှန်ကြားလျှင်၊ စစ် အုပ်ချုပ်ရေးတာဝန်ခံအရာရှိချုပ်ကသော်၎င်း သုံးစွဲဆောင်ရမည်။

၅။ ။ အဖွဲ့ဝင်ရာထမ်းမှုထမ်းများ၏ အမှုထမ်းစည်းကမ်းများသည်၊ အခါအားလျော်စွာ ကျွန်ုပ်ပြဋ္ဌာန်း သည့်အတိုင်း ဖြစ်ရမည်။

၆။ ။ အဖွဲ့၏အာဏာသက်ရောက်သည့်နယ်နိမိတ်၊ အဖွဲ့ဝင်ရာထမ်းမှုထမ်းဦးရေ၊ အဖွဲ့၏အတန်းအစား နှင့် အဖွဲ့ကိုခွဲဝေနေရာချထားခြင်းမှာ၊ အခါအားလျော်စွာ အမိန့်ဖြင့် ကျွန်ုပ်ညွှန်ကြားသည့်အတိုင်း ဖြစ် ရမည်။

၇။ ။ ရဲမင်းကြီးက၊ အရည်အချင်းအလိုက် ရွေးချယ်သော ရှမ်းပြည်နယ်အစိုးရရဲအဖွဲ့ဝင်များကို၊ မိမိ၏ အမြဲတန်းရာထူးအဆင့်အတန်းအားလျော်စွာ၊ အဖွဲ့သစ်တွင် ခန့်ထားနိုင်သည်။ ပြည်နယ်အသီးသီး၏ အကြီးအမှူးက ခန့်ထားသော ပြည်နယ်ရဲအဖွဲ့ဝင်များကို၊ စေ့ငှသေချာစွာ စစ်ဆေး၍၊ လိုအပ်သည့် အရည်အချင်းနှင့် ပြည့်စုံသော သူတို့ကိုသာ၊ အဖွဲ့တွင် သင့်လျော်သော ရာထူး၌ခန့်ထားနိုင်သည်။ ထိုသို့ ရွေးချယ်ခန့်ရသူတို့သည်၊ သင့်လျော်သောသင်တန်းကို တက်ရောက်ရမည်။

၈။ ။ နယ်ရှင်စော်ဘွားများသည်၊ မိမိတို့ကိုယ်ရေးကိုယ်တာလုံခြုံစိမ့်သောငှါ၊ လိုအပ်သည့် အရေအတွက် ရှိသော ကိုယ်ရံတော်များကို ဆက်လက်ထားရှိနိုင်သည်။ သို့ရာတွင် ထိုကိုယ်ရံတော်များသည်၊ ရဲအရာရှိ ၏အာဏာကို မသုံးစွဲရ။

၉။ ။ ရဲဌာနများကို၊ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း ချက်ခြင်းဖွင့်လှစ်ရမည်။ နောက် ထပ်ရဲဌာနများနှင့် ရဲကင်းဂါတ်များကို၊ အကြောင်းအားလျော်စွာ ဖွင့်လှစ်လိုလျှင် ဖွင့်လှစ်နိုင်သည်။

၁၀။ ။ ရာဇဝတ်မှုများကို လက်ရှိတရားဥပဒေနှင့်အညီ စုံစမ်းစစ်ဆေး၍၊ ထိုအမှုများကို နည်းလမ်းတကျ ကျွန်ုပ်တည်ထောင်ထားသော စစ်အုပ်ချုပ်ရေးရာဇဝတ်ရုံးများသို့ တင်ပို့ရမည်။

၁၁။ ။ လူဆိုးစုံထောက်ခြင်းနှင့် သတင်းထောက်လှမ်းခြင်း၊ အကျဉ်းထောင်များနှင့် အချုပ်ထောင်များ စောင့်ကြပ်ခြင်း၊ ထို့ပြင် အကျဉ်းသားများနှင့် အချုပ်တရားခံများ စောင့်ကြပ်ခြင်းနှင့်စပ်လျဉ်းသည့် တာဝန်ဝတ္တရားများကို၊ အဖွဲ့ဝင်ရာထမ်းမှုထမ်းများက ဆောင်ရွက်ရမည်။

၁၂။ ။ အဖွဲ့ဝင်ရာထမ်းမှုထမ်းများအား၊ ၎င်းတို့၏ရာထူးအဆင့်အတန်းနှင့်လျော်သော ယူနီဖောင်းများ နှင့် အသုံးအဆောင်များကိုပေးရမည့်ပြင်၊ ၎င်းတို့ဆောင်ရွက်သည့်တာဝန်ဝတ္တရားများကိုထောက်ရှု၍၊ သင့်လျော်သော လက်နက်များကိုလည်း ပေးအပ်ရမည်။

၁၃။ ။ ပြည်ထောင်စုစစ်ရဲအဖွဲ့နှင့် သတင်းထောက်လှမ်းရေး အထူးဌာနခွဲရဲအဖွဲ့တို့သည်၊ ပြည်ထောင်စု စစ်ရဲဗိုလ်ချုပ်ကြီးနှင့် မြန်မာနိုင်ငံရဲချုပ်အသီးသီး လက်အောက်တွင် သီးခြားအဖွဲ့များအဖြစ် အလုပ်ဝတ္တရားများကို၊ ကျွန်ုပ်က အခြားနည်းဆင့်ဆိုခြင်း မပြုသေးသမျှကာလပတ်လုံး ဆက်လက် ဆောင်ရွက်ရမည်။ ဤကျေညာချက်များသည်၊ ၁၉၅၄ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ အတည် ဖြစ်စေရမည်။

ဗိုလ်နေဝင်း၊

ဗိုလ်ချုပ်ကြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံလက်နက်ကိုင်တပ်ပေါင်းစုံ စစ်သေနာပတိချုပ်။

ရန်ကုန်မြို့၊ ၁၉၅၄ ခုနှစ်၊ မေလ ၁၁ ရက်။

အမိန့်အရ၊
ခင်မောင်ဖြူ၊
အတွင်းဝန်ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ရှမ်းပြည်နယ်စစ်အုပ်ချုပ်ရေး ဒေသများအတွက် ရဲအုပ်ချုပ်ရေးနယ် ခွဲခြားသတ်မှတ်ခြင်း